Message Six

# ထာဝရရှင်ဘုရင် ခရစ်တော်သည် မြေကြီးကို ပိုင်ဆိုင်ရန် ကြွလာခြင်းနှင့် ဘုရားသခင်၏နက်နဲခြင်းကို ပြီးစီးစေခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၀း၁-၇။ ၁၁း၁၅-၁၈

**I. ဗျာဒိတ် ၁၁း၁၅-၁၈ နှင့် ၁၂း၁၀ တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို ထာဝရ ရှင်ဘုရင်အဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိနိုင်ကြောင်း ညွှန်ပြထားသည်။**

A. "လောကီနိုင်ငံသည် ငါတို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံ ဖြစ်လေပြီ။ သူသည်လည်း ကာလအစဉ်အဆက် စိုးစံတော်မူမည်" - ၁၁း၁၅ခ။

1. သတ္တမတံပိုးကို မှုတ်သောအချိန်တွင် ဘေးဒဏ်ကြီးကာလ အဆုံးသတ်ရုံသာမက၊ ဤခေတ်သည်လည်း အဆုံးသတ်၍၊ ဘုရားသခင်၏ နက်နဲခြင်းသည် ပြီးစီးခြင်းရှိကာ (၁၀း၇)၊ အခြားသောခေတ်ဖြစ်သည့် မိလေနိကာလ၊ နိုင်ငံတော်ခေတ်သည် အစပြုလိမ့်မည်ဖြစ်သည်။

2. ကိုယ်တော်သည် လူမျိုးအပေါင်းတို့အပေါ် တရားစီရင်ပြီးနောက်၊ ကြွဆင်းလာသောအခါ လောကီနိုင်ငံသည် ခရစ်တော်၏ နိုင်ငံတော်ဖြစ်လာသည် - ဒံ၊၇း၁၃-၁၄။ ၂း၄၄-၄၅။

3. ဤနေရာရှိ သခင်ဘုရား၏ ကာလအစဉ်အဆက် စိုးစံတော်မူခြင်းမှာ သခင်ဘုရားသည် မိလေနိနိုင်ငံတော်၌လည်းကောင်း၊ ထာဝရကာလအတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌လည်းကောင်း စိုးစံတော်မူခြင်းဖြစ်သည် - ဗျာ၊၂၂း၅။

B. "အို ယေဟောဝါ၊ ကိုယ်တော်သည် ကာလအစဉ်အဆက် တည်တော်မူ၏။ / ကိုယ်တော်၏ ပလ္လင်တော်သည်လည်း မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် တည်တော်မူ၏" - မြည်၊၅း၁၉။

1. ဘုရားသခင်၏ ထာဝရဖြစ်ခြင်းနှင့် ကိုယ်တော်၏ပလ္လင်တော်သည် ကိုယ်တော်၏မေတ္တာကရုဏာ၊ စာနာသနားခြင်းများနှင့် သစ္စာရှိခြင်းတို့ထက် ပို၍ မြင့်မားသည် - ၃း၂၂-၂၃။

2. ဘုရားသခင်၏မေတ္တာကရုဏာနှင့် စာနာသနားခြင်းများသည် အတက်အကျရှိနိုင်သည်၊ သို့သော် ဘုရားသခင်၏ပုဂ္ဂိုလ်တော်နှင့် ကိုယ်တော်၏အုပ်စိုးမှုသည် မပြောင်းမလဲအစဉ်တည်မြဲလျက်ရှိနေသည်။

3. ယေရုရှလင်မြို့သစ်၌ ဘုရားသခင်သည် ထာဝရရှင်ဘုရင်အဖြစ် ကိုယ်တော်၏ပုဂ္ဂိုလ်တော်၌လည်းကောင်း၊ ကိုယ်တော်၏ ထာဝရဖြစ်သော၊ မလှုပ်ခါနိုင်သော နိုင်ငံတော်အဖြစ် ကိုယ်တော်၏အုပ်စိုးမှု၌လည်းကောင်း အပြည့်အဝဖွင့်ပြထင်ရှားလာမည်ဖြစ်ကာ (ဟေဗြဲ၊၁၂း၂၈။ ဗျာ၊၂၂း၃)၊ ထိုနှစ်ခုလုံးသည် ကိုယ်တော်၏လူမျိုးတော်ကို ဆက်ဆံဖြေရှင်းခြင်း၏ မလှုပ်ခါနိုင်သော အခြေခံတိုက်မြစ်ပင် ဖြစ်သည်။

**II. ဗျာဒိတ် ၁၀း၁-၇ တွင် ခရစ်တော်က မြေကြီးကို ရယူပိုင်ဆိုင်ရန် ကြွလာခြင်း၏ ရှင်းလင်းသော ရုပ်ပုံကို မြင်ရသည်။**

A. ဤအခန်းကြီးတွင် ခရစ်တော်သည် ၇း၂။ ၈း၃ နှင့် ၁၈း၁ တို့၌ရှိသော "ခွန်အားကြီးသော အခြားကောင်းကင်တမန်တစ်ပါး" ဖြစ်သည်။

B. ယောဟန်က အခြားသောကောင်းကင်တမန်တော်သည် "ကောင်းကင်က ဆင်းသက်သည်ကို" မြင်ခဲ့သည် - ၁၀း၁က။

1. ခရစ်တော်သည် ယခု ကောင်းကင်မှ ဆင်းသက်လာတော်မူသည်။

2. ဤရုပ်ပုံမှာ ခရစ်တော်သည် မြေကြီးပေါ်သို့ ကြွလာသောလမ်းမှာ ရှိနေဆဲဖြစ်ကြောင်း အရိပ်အမြွက်ဖြစ်သည်။

C. ခရစ်တော်သည် "မိုးတိမ်ကို ဝတ်လျက်" ရှိသည် - အငယ်၊၁ခ။

1. ကိုယ်တော်သည် ၁၄း၁၄ နှင့် မဿဲ ၂၄း၃၀၊ ၂၆း၆၄ တို့၌ကဲ့သို့ "မိုးတိမ်ပေါ်မှာ" မရှိသေးပါ။

2. "မိုးတိမ်ပေါ်မှာ"ရှိခြင်းမှာ ပွင့်လင်းစွာ ကြွလာခြင်းဖြစ်ပြီး၊ "မိုးတိမ်ကို ဝတ်ထားခြင်း"မှာ လျှို့ဝှက်စွာ ကြွလာခြင်း ဖြစ်သည်။

3. ခရစ်တော်သည် ဗျာဒိတ် ၁း၇ နှင့် မဿဲ ၂၄း၃၀ တွင် ဖော်ပြသည့်အတိုင်း မြေကြီးပေါ်ရှိ လူမျိုးနွယ်အားလုံးက မြင်တွေ့ရခြင်းမရှိမီ ပွင့်လင်းစွာမဟုတ်ဘဲ၊ လျှို့ဝှက်စွာ ကြွလာလိမ့်မည်ဖြစ်သည်။
4. ဗျာဒိတ် ၁၀ အချိန်မှာပင်လျှင် ခရစ်တော်၏ကြွလာခြင်းသည် လျှို့ဝှက်လျက်ရှိနေဆဲဖြစ်သည်။
5. ကိုယ်တော်သည် အခန်း ၁၄ မတိုင်ခင်အထိ မိုးတိမ်၌ ရစ်ပတ်လျက် ရှိနေဦးမည်၊ ထိုနောက်မှ ကိုယ်တော်သည် မိုးတိမ်ပေါ်မှာ ထိုင်၍ ကိုယ်တော်၏ကြွလာခြင်းသည် လူအများရှေ့မှာ ဖြစ်လိမ့်မည်ဖြစ်သည်။
6. ဤအရာအားဖြင့် ခရစ်တော်သည် ဘေးဒုက္ခကြီးကာလမတိုင်မီ ကြွလာလိမ့်မည်ဟူသော ယေဘုယျသွန်သင်ချက်သည် မှန်ကန်တိကျမှုမရှိကြောင်း ကျွန်ုပ်တို့ မြင်နိုင်ပါသည်။

D. "သူ၏ခေါင်းပေါ်၌ သက်တံ ရှိ၏" - ၁၀း၁။
1. ဤနေရာရှိ သက်တံမှာ ခရစ်တော်သည် မြေကြီးအပေါ် တရားစီရင်ခြင်းနှင့် မြေကြီးကို ရယူပိုင်ဆိုင်ရန် ကြွလာသောအခါ၊ မြေကြီးနှင့်စပ်လျဥ်း၍ ဘုရားသခင်နှင့် နောဧ တို့ ပဋိညာဉ်ပြုထားခြင်းကို စောင့်ထိန်းတော်မူမည့်အကြောင်းကို ဖော်ပြသည် - က၊၉း၈-၁၇။
2. ၎င်းမှာ ခရစ်တော်သည် သက်တံ ဝန်းရံလျက်ရှိသော ပလ္လင်တော်တွင် ထိုင်တော်မူသည့် ဘုရားသခင်အတိုင်း တရားစီရင်ခြင်းကို စီရင်ဆောင်ရွက်မည့်သူဖြစ်ကြောင်းကိုလည်း ဖော်ပြသည် - ဗျာ၊၄း၂-၃။
3. ဗျာဒိတ်ကျမ်းက ဘုရားသခင်သည် မြေကြီးနှင့် မြေကြီးသားအပေါင်းတို့ကို တရားစီရင်မည်ဖြစ်ကြောင်း ဖွင့်ပြထားသည်။
4. ပလ္လင်တော်ပတ်လည်ရှိ သက်တံမှာ ဘုရားသခင်သည် ပဋိညာဉ်ပြုသော ဘုရားသခင်၊ သစ္စာရှိသောဘုရားသခင်ဖြစ်ပြီး၊ မြေကြီးပေါ် တရားစီရင်ခြင်းကို စီရင်ဆောက်ရွက်တော်မူစဉ် ကိုယ်တော်၏ပဋိညာဉ်တရားကို စောင့်ထိန်းတော်မည့်သူဖြစ်ကြောင်း ညွှန်ပြနေသည်။
5. ကိုယ်တော်သည် လူသားမျိုးနွယ်ကို ရေလွှမ်းမိုးခြင်းဖြင့် စီရင်မည်မဟုတ်သလို၊ လူသားမျိုးနွယ်အားလုံးကို ဖျက်ဆီးခြင်းမပြုတော့ဘဲ၊ ကိုယ်တော်၏ဘုန်းတော်အတွက် မြေကြီးအသစ်၏ လူမျိုးများဖြစ်စေဖို့ လူသားမျိုးနွယ်အစိတ်အပိုင်းကို စောင့်ထိန်းထားလိမ့်မည်ဖြစ်သည် - ၂၁း၂၄၊ ၂၆။

E. "သူ၏မျက်နှာသည် နေကဲ့သို့ဖြစ်၏။ သူ၏ခြေသည်လည်း မီးခဲတိုင်ကဲ့သို့ ဖြစ်၏" - ၁၀း၁ဃ။
1. မြေကြီးပေါ်ရှိ လူများထံသို့ ထင်ရှားစွာ ကြွလာခါနီးတွင် ခရစ်တော်သည် နေကဲ့သို့ ဖြစ်ပေမည်။ ၎င်းမှာ ကိုယ်တော်ကို ချစ်၍၊ ကိုယ်တော့်ကို ချစ်သောသူများ၊ ကိုယ်တော်ကို စောင့်မျှော်နေသူများထံသို့ အရုဏ်မတက်မီ အမှောင်ဆုံးအချိန်မတိုင်မီ ထင်ရှားသည့် မိုးသောက်ကြယ်ကဲ့သို့ မဟုတ်ပေ။
2. အပိုဒ်ငယ် ၁ ရှိ မီးသည် ဘုရားသခင်၏သန့်ရှင်းခြင်းကို ရည်ညွှန်းပြီး (ထွ၊၁၉း၁၈။ ဟေဗြဲ၊၁၂း၂၉)၊ ယင်းအတိုင်း ခရစ်တော်သည် မြေကြီးပေါ်တွင် ကိုယ်တော်၏တရားစီရင်ခြင်းကို စီရင်ဆောင်ရွက်လိမ့်မည်ဖြစ်သည်။

F. "လက်ယာခြေသည် ပင်လယ်ပေါ်မှာလည်းကောင်း၊ လက်ဝဲခြေသည် မြေကြီးပေါ်မှာလည်းကောင်း နင်း၍" - ဗျာ၊၁၀း၂ခ။
1. ခရစ်တော်သည် သူ၏ခြေတော်ကို ပင်လယ်နှင့် ကုန်းပေါ်တွင် ချခြင်းမှာ ထိုအရာတို့အပေါ်တွင် နင်းခြင်းဖြစ်၍၊ ထိုသို့ နင်းခြင်းမှာ ထိုအရာတို့ကို ပိုင်ဆိုင်ခြင်းဖြစ်သည် - တရား၊၁၁း၂၄။ ယောရှု၊၁း၃။ ဆာ၊၈း၆-၈။
2. ဤသည်မှာ ခရစ်တော်သည် မြေကြီးကို ရယူပိုင်ဆိုင်ရန် ဆင်းကြွလာတော်မူမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။
3. ကိုယ်တော်သာလျှင် ဘုရားသခင်၏ စီမံကိန်း စာလိပ်ကို ဖွင့်ရန် ထိုက်တန်သူဖြစ်၍၊ ကိုယ်တော်သာလျှင် မြေကြီးကို ရယူပိုင်ဆိုင်ရန် အရည်အချင်းပြည့်မီသူဖြစ်သည်။

G. "ခြင်္သေ့ဟောက်သကဲ့သို့ ကြီးသောအသံနှင့် ကြွေးကြော်လေ၏" - ဗျာ၁၀း၃က။
1. ခြင်္သေ့၏ ဟောက်သံသည် ရှင်ဘုရင်၏ အမျက်ထွက်ခြင်းနှင့် တူသည် - သု၊၁၉း၁၂။ ၂၀း၂။
2. ဤသည်မှာ မြေကြီး၏ ရှင်ဘုရင် တည်းဟူသော ခရစ်တော်သည် အမျက်တော် ထွက်မူကြောင်းကို ဖော်ပြသည်။

**III. "ဘုရားသခင်၏ နက်နဲသောအရာသည် ပြည့်စုံခြင်းသို့ ရောက်မည်အကြောင်းတည်း" - ဗျာ၊၁၀း၇ခ။**

A. အာဒံမှ မောရှေ၊ မောရှေမှ ခရစ်တော် စသည့်အချိန်ကာလတို့တွင် အရာအားလုံးကို ဖွင့်ပြခြင်း၊ ထင်ရှားပြသခြင်းရှိစေခဲ့သောကြောင့် ထိုကာလတို့တွင် နက်နဲခြင်းမရှိပေ။

B. မိလေနီနိုင်ငံတော်ကာလ၌လည်းကောင်း၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌လည်းကောင်း အရာခပ်သိမ်းမှာ ထင်ရှားဖွင့်လှစ်ခြင်း ရှိမည်ဖြစ်၍၊ နက်နဲခြင်း ရှိတော့မည်မဟုတ်ပေ။

C. ခရစ်တော်မှ မိလေနီနိုင်ငံတော်ကာလအပိုင်းအခြား - အသင်းတော်ခေတ်၊ ကျေးဇူးတော်ခေတ် - တွင် အရာခပ်သိမ်းမှာ နက်နဲလျက် ရှိသည်။

1. နက်နဲခြင်းကာလ၏ အစဖြစ်သော ခရစ်တော်၏ လူ့ဇာတိခံခြင်းမှာ နက်နဲခြင်းတစ်ခု ဖြစ်သည် - ၁တိ၊၃း၁၆။
   a. ခရစ်တော်၏လူ့ဇာတိခံခြင်းမှတစ်ဆင့် အကန့်အသတ်မဲ့သော ဘုရားသခင်သည် အကန့်အသတ်ရှိသောလူအထဲသို့ ဆောင်ယူခံရသည်။
   b. သားတော်ဘုရားမျှသာမဟုတ်ဘဲ ဘုရားသခင်တစ်ခုလုံးသည် လူ့ဇာတိခံယူခဲ့သည်။ ထို့ကြောင့် လူ့ဇာတိခံခြင်းရှိ ခရစ်တော်သည် အသွေးအသား၌ ထင်ရှားပြသသည့် ဘုရားသခင်တစ်ခုလုံးဖြစ်သည်။
2. ခရစ်တော်သည် ဘုရားသခင်၏နက်နဲခြင်းဖြစ်သည် - ကော၊၂း၂။
   a. ဘုရားသခင်သည် နက်နဲခြင်းဖြစ်ပြီး၊ ကိုယ်တော်ကို ထင်ရှားစေမည့် ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်သည် ဘုရားသခင်၏နက်နဲခြင်းဖြစ်သည်။
   b. ဘုရားသခင်၏နက်နဲခြင်းအဖြစ် ခရစ်တော်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ရှင်းလင်းဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်လုပ်ဆောင်ရန် ရည်ရွယ်တော်မူသည့်အရာအားလုံးသည် ခရစ်တော်နှင့် ဆက်နွှယ်နေပါသည်။
   c. ခရစ်တော်၌ ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအားလုံးသည် ကိုယ်ထင်ရှား ကိန်းဝပ်နေတော်မူသည်။ ယင်းမှာ သုံးပါးတစ်ပါးဘုရား၏ပြည့်ဝပြည့်စုံခြင်းသည် ခရစ်တော်၌ ကိုယ်ခန္ဓာပုံစံ၌ ကိန်းဝပ်နေခြင်းဖြစ်သည် - အငယ်၊၉။
3. အသင်းတော်သည် ခရစ်တော်၏နက်နဲခြင်းဖြစ်သည် -ဧ၊၃း၄-၆။
   a. ခရစ်တော်သည် နက်နဲခြင်းဖြစ်ပြီး၊ ကိုယ်တော်ကို ထင်ရှားစေမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် ခရစ်တော်၏နက်နဲခြင်းဖြစ်သည်။
   b. ဤနက်နဲခြင်းသည် ဘုရားသခင်၏စီမံကိန်းဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်ကို ဘုရားသခင်၏ရွေးချယ်ခံလူများအထဲသို့ ဝေငှဖြန့်ဖြူးကာ၊ ခရစ်တော်၌ ဘုရားသခင်၏ကိုယ်ထင်ရှားခြင်း ကြီးမားတိုးပွားလာခြင်းငှာ ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ဖို့အလို့ငှာ ဖြစ်သည်။
   c. တစ်ဝိညာဉ်တည်းအဖြစ် ခရစ်တော်နှင့်အသင်းတော်သည် ကြီးမားသော နက်နဲခြင်းဖြစ်သည် - ၅း၃၂။
4. ကောင်းကင်များ၏နိုင်ငံတော် (မ၊၁၃း၁၁)၊ ဧဝံဂေလိတရား (ဧ၊၆း၁၉)၊ ခရစ်တော်၏ ကိန်းဝပ်တော်မူခြင်း (ကော၊၁း၂၇)၊ နက်နဲခြင်းကာလ၏အဆုံးဖြစ်သော ရောက်လာမည့် သန့်ရှင်းသူများ၏ ရှင်ပြန်ထမြောက်ခြင်းနှင့် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း (၁ကော၊၁၅း၅၁-၅၂) စသည့်အရာအားလုံးမှာ နက်နဲခြင်းများဖြစ်သည်။
5. သတ္တမတံပိုး မှုတ်သောအခါ၊ ဤနက်နဲခြင်းများအားလုံးမှာ ပြီးမြောက်ပြည့်စုံသွားမည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ နက်နဲခြင်းသည် ပြီးစီးသွားလိမ့်မည်ဖြစ်သည်။

*© 2025 Living Stream Ministry*